## လေးစိတ်နဲ့ ရှစ်စိတ်

ပါမောက္ခကြီးတစ်ဦးသည် စာအုပ်ထူထူကြီးတစ်အုပ်ကို သဲသဲမဲမဲဖတ်နေရင်း စားရန်အတွက် ပီဇာမုန့် မှာယူလိုက်သည်၊ စာပွဲထိုးက ''ဆရာ ပီဇာကို လေးစိတ်ပိုင်းပေးရမလား၊ ရှစ်စိတ်ပိုင်းပေးရမလား''ဟု မေးခဲ့သည်။

ပါမောက္ခကြီးက လုံးဝ မော့မကြည့်ဘဲ စာအုပ်နှင့် မျက်နှာကို အပ်ထားရင်း ''ရှစ်ပိုင်းဆိုရင် ငါစားနိုင်မှာမဟုတ်ဘူး။ လေးပိုင်းပဲပိုင်းပေးပါ''ဟု ပြန်ပြောလိုက်လေသည်။

## မရှိမကောင်း ရှိမကောင်း

ပညာတတ်နှစ်ယောက် အပြန်အလှန် စကားဖလှယ် နေကြပုံမှာ ဤသို့ ဖြစ်လေသည်။

ပထမလူ ''ကျွန်တော်ကတော့ ကိုယ့်အဝတ်ကိုယ်လျှော်၊ စားတော့လည်း ထမင်းဆိုင်ဆိုတာတွေကို ငြီးငွေ့လာတာနဲ့ အိမ်ထောင်ပြုလိုက်တယ်'

ဒုတိယလူ ''ဟားစရာပဲဗျို့၊ ကျုပ်ကတော့ ကိုယ့်အဝတ်ကိုယ်လျှော်၊ စားရတော့ထမင်းဆိုင်ဆိုတာတွေကိုငြီးငွေ့လာတာနဲ့ မိန်းမနဲ့ ကွာရှင်းပစ်လိုက်တယ်လေ''

## စကားမပြောကြေး

ကျောင်းဆရာနှင့် ကျောင်းဆရာမ လင်မယားနှစ်ယောက်သည် တစ်ညနေခင်းတွင် စကားများ ရန်ဖြစ်ထားကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် စကားမပြောရန် ဆုံးဖြတ်ထားခဲ့ကြသည်၊ ခင်ပွန်းဖြစ်သူ ကျောင်းဆရာသည် နောက်နေ့နံနက် စောစောပိုင်းတွင် အတန်းရှိသဖြင့် စောစောထရန်လိုအပ်သည်။ သို့ဖြင့် သူက ''ငါ့ကို ၆ နာရီမှာ နှိုးပါ '' ဟုစာရေးပြီး ဇနီးဖြစ်သူ၏ ခေါင်းအုံးပေါ်တွင် တင်ထားလိုက်သည်။

နောက်နေ့နံနက်တွင် ဇနီးဖြစ်သူ ကျောင်းဆရာမသည်လည်း နံနက်စောစော အတန်းဝင်ရန်ရှိသဖြင့် ခင်ပွန်းဖြစ်သူ၏ ခေါင်းအုံးပေါ်တွင် ''အိပ်ရာထဖို့ အချိန်ရောက်ပြီ''ဟု စာတစ်စောင်ရေးကာ တင်ထားလိုက်လေသည်။

## များများကူးချလျှင်

အိန္ဒိယတက္ကသိုလ်များရှိ စာပေနှင့် လူမှုဘာသာရပ်များဆိုင်ရာ လေ့လာရေးဌာနများရှိ လူအများအပြားတို့သည် စာအုပ်တစ်အုပ်အုပ်မှ ကူးယူဖော်ပြခြင်းသည် မူပိုင်ခွင့်ကို ချိုးဖောက်ရာရောက်ပြီး စာအုပ်အများအပြားမှ ကူးယူဖော်ပြလျှင် သုတေသနပြုခြင်းဖြစ်သည်ဟု ယုံကြည်နေကြ၏။